# Burmese Democratic Futures Working Group – BDFWG

# University of Virginia

## ၂၀၂၄ ခုနှစ်၊ ဩဂုတ်လ အနှစ်ချုပ်

## ဩဂုတ်လအတွင်း အရပ်သား ထိခိုက် / သေဆုံး / ဆုံးရှုံးမှုများ

၂၀၂၄ ခုနှစ်၊ ဩဂုတ်လအတွင်း မြန်မာနိုင်ငံအနှံ့အပြားတွင် စစ်ကောင်စီတပ်၏ လေကြောင်းနှင့် လက်နက်ကြီး ပစ်ခတ်တိုက်ခိုက်မှုကြောင့် အရပ်သားပြည်သူ ၁၆၄ ဦး သေဆုံးခဲ့ပါသည်။ ထိုအထဲတွင် သံဃာ ၄ ပါး၊ ကလေး ၇ ဦး၊ အမျိုးသမီး ၂၀ ဦး ပါဝင်ပါသည်။

- မန္တလေးတိုင်းတွင် သေဆုံးမှုဦးရေမှာ အများဆုံးဖြစ်ပြီး ၃၄ ဦးသေဆုံးခဲ့ပါသည်။ စစ်ကိုင်းတိုင်းတွင် ၃၂ ဦး၊ ရှမ်းပြည်နယ်မြောက်ပိုင်းတွင် ၂၉ ဦး၊ ရခိုင်ပြည်နယ်တွင် ၂၆ ဦး၊ ပဲခူးတိုင်းတွင် ၁၂ ဦး၊ မွန်ပြည်နယ်တွင် ၁၀ ဦး၊ မကွေးတိုင်းတွင် ၉ ဦး၊ တနင်္သာရီတိုင်းတွင် ၄ ဦး၊ ချင်းပြည်နယ်နှင့် ရှမ်းပြည်နယ်တောင်ပိုင်းတွင် ၃ ဦးစီ၊ ကချင်ပြည်နယ်နှင့် ကရင်ပြည်နယ်တွင် ၁ ဦးစီတို့ ဖြစ်ကြပါသည်။

### လေကြောင်းမှ တိုက်ခိုက်မှုများ

မြန်မာနိုင်ငံ အနှံ့အပြားတွင် ဩဂုတ်လအတွင်း စစ်ကောင်စီတပ်မှ လေကြောင်း တိုက်ခိုက်မှု ၂၀၉ ကြိမ် ပြုလုပ်ခဲ့ပါသည်။ ရှမ်းပြည်နယ်မြောက်ပိုင်းတွင် ၈၀ ကြိမ်၊ စစ်ကိုင်းတိုင်းတွင် ၄၄ ကြိမ်၊ မကွေးတိုင်းတွင် ၂၇ ကြိမ်၊ မန္တလေးတိုင်းတွင် ၂၆ ကြိမ်၊ ချင်းပြည်နယ်နှင့် ရခိုင်ပြည်နယ်တို့တွင် ၉ ကြိမ်စီ၊ ကချင်ပြည်နယ်နှင့် တနင်္သာရီတိုင်းတို့တွင် ၆ ကြိမ်စီ၊ ပဲခူးတိုင်းနှင့် မွန်ပြည်နယ်တို့တွင် ၁ ကြိမ်စီတို့ ဖြစ်ပါသည်။

**မီးရှို့ဖျက်ဆီးမှုများ**

မြန်မာနိုင်ငံအနှံ့အပြားတွင် စစ်ကောင်စီတပ်မီးရှို့သဖြင့် နေအိမ် ၅၅၁ လုံး မီးလောင်ပျက်စီးခဲ့ပါသည်။

- ပဲခူးတိုင်းတွင် ၂၉၆ လုံး၊ စစ်ကိုင်းတိုင်းတွင် ၁၇၂ လုံး၊ မကွေးတိုင်းတွင် ၄၄ လုံး၊ မန္တလေးတိုင်းတွင် ၂၅ လုံး၊ ချင်းပြည်နယ်နှင့် တနင်္သာရီတိုင်းတို့တွင် ၆ လုံးစီ၊ ရှမ်းပြည်နယ်မြောက်ပိုင်းတွင် ၂ လုံး တို့ ဖြစ်ပါသည်။

**မုဒိန်းကျင့်ခံရမှု**

- ဩဂုတ် ၂၇ ရက်တွင် ပဲခူးတိုင်း၊ လက်ပံတန်းမြို့နယ်၊ ရေငံရွာမှ လင်မယား ၂ ဦး စစ်တပ်က ဖမ်းဆီးပြီး အမျိုးသမီးဖြစ်သူကို စစ်သားများက မုဒိမ်းကျင့်ခဲ့သည်။

**ဩဂုတ်လအတွင်း အရပ်သားပြည်သူ ဖမ်းဆီးခံရမှုများ**

၂၀၂၄ ခုနှစ်၊ ဩဂုတ်လအတွင်းတွင် စစ်ကောင်စီသည် မြန်မာနိုင်ငံအနှံ့မှ အပြစ်မဲ့ပြည်သူပေါင်း ၄၆၅ ဦး ဖမ်းဆီးခံခဲ့သည်။

- မန္တလေးတိုင်းတွင် ၂၆၁ ဦး၊ မကွေးတိုင်းနှင့် ရခိုင်ပြည်နယ်တွင် ၅၄ ဦးစီ၊ ဧရာဝတီတိုင်းတွင် ၅၀ ဦး၊ ရန်ကုန်တိုင်းတွင် ၂၃ ဦး၊ စစ်ကိုင်းတိုင်းတွင် ၁၀ ဦး၊ ပဲခူးတိုင်းတွင် ၆ ဦး၊ တနင်္သာရီတိုင်းတွင် ၅ ဦး၊ မွန်ပြည်နယ်တွင် ၂ ဦးတို့ ဖြစ်ကြပါသည်။

# ဩဂုတ်လ အတွင်း ဖြစ်ပွားခဲ့သော တိုက်ပွဲများ

၂၀၂၄ ခုနှစ်၊ ဩဂုတ်လအတွင်းတွင် ဒရုန်းဖြင့်တိုက်ခိုက်မှုအပါအဝင် တိုက်ပွဲကြီးငယ်ပေါင်း ၂၆၁ ကြိမ် ဖြစ်ပွားခဲ့ပြီး စစ်ကိုင်းတိုင်းတွင် တိုက်ပွဲအကြိမ်အရေအတွက် အများဆုံးဖြစ်ပြီး ၅၁ ကြိမ် ဖြစ်ပွားခဲ့သည်။ မန္တလေးတိုင်းတွင် တိုက်ပွဲအကြိမ်အရေအတွက် ဒုတိယများဆုံးဖြစ်ပြီး ၄၆ ကြိမ် ဖြစ်ပွားခဲ့သည်။ ရှမ်းပြည်နယ်မြောက်ပိုင်းတွင် ၃၈ ကြိမ် ဖြစ်ပွားခဲ့သည်။ မကွေးတိုင်းတွင် ၃၀ ကြိမ်၊ တနင်္သာရီတိုင်းတွင် ၂၄ ကြိမ်၊ ပဲခူးတိုင်းတွင် ၂၁ ကြိမ်၊ အာရက္ခတပ်တော်၏ မြို့သိမ်း၊ စခန်းသိမ်းတိုက်ပွဲများ ဖော်ဆောင်လျက်ရှိသော ရခိုင်ပြည်နယ်တွင် တိုက်ပွဲပေါင်း ၁၉ ကြိမ် ဖြစ်ပွားခဲ့ပြီး၊ မွန်ပြည်နယ်တွင် တိုက်ပွဲ ၁၁ ကြိမ်၊ KIA ထိုးစစ်ဆင်နွှဲနေသော ကချင်ပြည်နယ်တွင်  ၁၀ ကြိမ် ဖြစ်ပွားခဲ့ပြီး၊ ချင်းပြည်နယ်တွင် တိုက်ပွဲ ၅ ကြိမ်၊ ရှမ်းပြည်နယ်တောင်ပိုင်းတွင် ၄ ကြိမ်၊ ကရင်နီပြည်နယ်နှင့် ကရင်ပြည်နယ်တို့တွင် ၁ ကြိမ်စီတို့ ဖြစ်ပါသည်။ ဧရာဝတီတိုင်းနှင့် ရန်ကုန်တိုင်းတို့တွင် တိုက်ပွဲဖြစ်ပွားခြင်း လုံးဝမရှိပါ။

ဩဂုတ်လအတွင်း တိုက်ပွဲများတွင် စစ်ကောင်စီတပ်သား ၁၀၈၄ ဦးသေဆုံးခဲ့သည်။ စစ်ကောင်စီတပ်သား သေဆုံးမှု အများဆုံးမှာ ကချင်ပြည်နယ်ဖြစ်ပြီး စစ်ကောင်စီတပ်သား ၃၂၀ သေဆုံးခဲ့သည်။ မန္တလေးတိုင်းတွင် ၁၆၄ ဦး၊ မကွေးတိုင်းတွင် ၁၅၈ ဦး၊ စစ်ကိုင်းတိုင်းတွင် ၁၃၃ ဦး၊ ပဲခူးတိုင်းတွင် ၁၂၀ ဦး၊ တနင်္သာရီတိုင်းတွင် ၈၉ ဦး၊ ရှမ်းပြည်နယ်တောင်ပိုင်းတွင် ၄၃ ဦး၊ မွန်ပြည်နယ်တွင် ၃၂ ဦး၊ ချင်းပြည်နယ်တွင် ၁၀ ဦး၊ ကရင်နီပြည်နယ်တွင် စစ်ကောင်စီတပ်သား ၆ ဦးသေဆုံးခဲ့ပြီး ကရင်ပြည်နယ်တွင် စစ်ကောင်စီတပ်သား ၁၃ ဦး သေဆုံးခဲ့သည်။

ဩဂုတ်လအတွင်းတွင် တော်လှန်ရေးပူးပေါင်းတပ်ဖွဲ့ဝင် ၁၄ ဦး ကျဆုံးခဲ့သည်။

## ၁၀၂၇ စစ်ဆင်ရေး အပိုင်း (၂)

### MDY-PDF နှင့် ပူးပေါင်းတပ်ဖွဲ့များ၏ စစ်ဆင်ရေး

ဩဂုတ်လအတွင်း မန္တလေးတိုင်းအတွင်းရှိ မြို့နယ်အချို့တွင် MDY-PDF နှင့် ပူးပေါင်းတပ်ဖွဲ့များသည် စစ်ကောင်စီ၏ တပ်စခန်းပေါင်းများစွာကို သိမ်းပိုက်ရရှိခဲ့သည်။

- ဩဂုတ် ၁ ရက်တွင် မန္တလေးတိုင်း၊ သပိတ်ကျင်းမြို့နယ်၊ မိုးကုတ် - မန္တလေးလမ်းပိုင်းရှိ ချောင်းကြီး ရဲစခန်းအား PDF များက ဘူဒိုဇာပါသုံး၍ တိုက်ခိုက်သိမ်းပိုက်ခဲ့သည်။

- ဩဂုတ် ၉ ရက်တွင် မန္တလေးတိုင်း၊ သပိတ်ကျင်းမြို့နယ်၊ ကျောက်လှည်းဘီးရွာအနီးရှိ စစ်ကောင်စီ တပ်စခန်း ခလရ ၁၄၈၊ ကွင်းသုံးဆယ်ရွာ တပ်စခန်း၊ လက်ပံပြန့်ရွာ တပ်စခန်း၊ ဖိုကုန်းတပ်စခန်း၊ ဝက်သေရွာတပ်စခန်းနှင့် ဖက်ရှည်ရွာတပ်စခန်းတို့ကို TNLA နှင့် မိုးကုတ်ဗျူဟာ အပါအဝင် မဟာမိတ် ပူးပေါင်းတပ်ဖွဲ့များ တိုက်ခိုက်သိမ်းပိုက် ရရှိခဲ့သည်။

- ဩဂုတ် ၁၁ ရက်တွင် သပိတ်ကျင်းမြို့နယ်၊ ဇရပ်ကွင်းကျေးရွာ၌ တပ်စွဲထားသော စစ်ကောင်စီတပ် စခန်းကို MDY-PDF မှ အပြီးသတ် သိမ်းပိုက်ရရှိခဲ့ပြီး သပိတ်ကျင်းမြို့နယ်အတွင်း၌ စစ်တပ်စခန်း ၉ ခု ထိ သိမ်းပိုက်ရရှိထားပြီ ဖြစ်သည်။

- ဩဂုတ် ၁၁ ရက်တွင် သပိတ်ကျင်းမြို့နယ်၊ တကောင်းမြို့မှ ရဲစခန်း၊ ဆေးရုံ၊ လေးမျက်နှာဘုရားဝင်း ထဲရှိ စစ်ကောင်စီ တပ်စခန်းများကို ပြည်သူ့ကာကွယ်ရေးပူးပေါင်းတပ်ဖွဲ့များမှ တိုက်ခိုက်ရာ ရဲစခန်းနဲ့ ဆေးရုံကို သိမ်းနိုင်ခဲ့ပြီး စခန်းတခုသာ ကျန်ရှိကာ စစ်ကောင်စီက လေကြောင်းမှ ပစ်ကူခုခံတိုက်ခိုက် ခဲ့သည်။

- မန္တလေးတိုင်း၊ သပိတ်ကျင်းမြို့ကို ဩဂုတ် ၂၅ ရက်တွင် တော်လှန်ရေးပူးပေါင်းတပ်ဖွဲ့များမှ တိုက်ခိုက် သိမ်းပိုက်နိုင်ခဲ့ခြင်းဖြစ်ပြီး ဒုဗိုလ်မှူးကြီး စိုးမင်းသူကို အရှင်ဖမ်းဆီးမိခဲ့ကာ လက်နက်မျိုးစုံ ၆၈ လက် သိမ်းဆည်းရမိခဲ့သည်။ တိုက်ပွဲ ဖြစ်ပွားနေစဉ် စစ်ကောင်စီတပ်ဘက်က ဂျက်တိုက်လေယာဉ်ဖြင့် ဗုံးသီးအလုံး ၇၀ ကျော် နှင့် Y-12 ဖြင့် ဗုံးသီး ၁၅၀ ကျော် ကြဲချတိုက်ခိုက်ခဲ့ပြီး Mi-35 နှစ်စင်းဖြင့်လည်း ပစ်ခတ်တိုက်ခိုက်ခဲ့သည်။

**TNLA နှင့် ပူးပေါင်းတပ်ဖွဲ့များ၏ စစ်ဆင်ရေး**


- ရှမ်းပြည်နယ်မြောက်ပိုင်း၊ ကျောက်မဲမြို့ရှိ စစ်ကောင်စီ၏ လက်ကျန်တပ်ရင်းများဖြစ်သည့် ခြေမြန်တပ်ရင်း ခမရ (၅၀၁)၊ ခမရ(၅၀၂) ဌာနချုပ်နှင့် စစ်ဆင်ရေးကွပ်ကဲမှုဌာနချုပ် စကခ (၁)တို့ကို TNLA က ဩဂုတ် ၆ ရက်တွင် သိမ်းပိုက်နိုင်ခဲ့ပြီး စစ်ကောင်စီဘက်မှ လေကြောင်းအသုံးပြုတိုက်ခိုက်ခဲ့သည်။
- ရှမ်းပြည်နယ်မြောက်ပိုင်း၊ နောင်ချိုမြို့နှင့် မိုင်(၂၀)ခန့်ကွာဝေးသော တောင်းခမ်းကျေးရွာရှိ စစ်ကောင်စီ၏ အမြောက်တပ်ရင်း လေးရင်းကို TNLA ပူးပေါင်းတပ်များက ထိုးစစ်ဆင်တိုက်ခိုက်လျက်ရှိရာ မစခ -၉၀၂၊ အမတ(၂၀၆)နှင့် အမတ(၄၀၆)တို့ကို ဩဂုတ် ၂၈ ရက်တွင် သိမ်းပိုက်ရရှိခဲ့သည်။

**MNDAA နှင့် ပူးပေါင်းတပ်ဖွဲ့များ၏ စစ်ဆင်ရေး**

- ရှမ်းပြည်နယ်မြောက်ပိုင်း၊ လားရှိုးရှိ စစ်ကောင်စီ၏ အရှေ့မြောက်တိုင်း စစ်ဌာနချုပ်ကြီး (ရမခ)၏ ဗဟိုကင်းကို ဩဂုတ် ၁ ရက်တွင် ကိုးကန့်တပ် (MNDAA) နှင့်ပူးပေါင်းတပ်ဖွဲ့များက ဝင်ရောက်စီးနင်းတိုက်ခိုက် သိမ်းပိုက်နိုင်ခဲ့ပြီး ဩဂုတ် ၂ ရက်တွင် ရမခထဲမှ အင်အားရာကျော်သည် မိသားစုများနှင့် အတူ လက်နက်ချ အလင်းဝင်ခဲ့သည်။
- ရှမ်းပြည်နယ်မြောက်ပိုင်း၊ လားရှိုးမြို့ အခြေစိုက် အရှေ့မြောက်တိုင်းစစ်ဌာနချုပ်(ရမခ)ကို MNDAA ဦးဆောင်သော မဟာမိတ်တပ်များက ဩဂုတ် ၃ ရက်တွင် အပြီးသတ်သိမ်းပိုက် ရရှိခဲ့သည်။

- ဩဂုတ် ၂၁ ရက်တွင် ရှမ်းပြည်နယ်မြောက်ပိုင်း၊ သီပေါမြို့နယ်မှ စစ်ကောင်စီ ခြေလျင်တပ်ရင်း ခလရ (၁၄၇)နှင့် စစ်ကောင် စီလက်အောက်ခံ ပြည်သူ့စစ်စခန်းများကို ကိုးကန့်တပ်(MNDAA) က တိုက်ခိုက်သိမ်းပိုက်လိုက်သည်။

**ဩဂုတ်လ ၁ ရက်နေ့မှ ၃၁ ရက်နေ့အထိ ရရှိသော သတင်းများအပေါ် အခြေခံထားပါသည်။**



AUGUST 2024 TOTAL
1200
1000
800
600
400
200
0
261
209
14
7
157
465
1084
551
Clash
Air Strike
PDF killed
Children killed
Civilians killed
Civilians arrested
SAC's soldiers killed
Houses burned down

| Data of Myanmar Conflict August 2024 Total | | | | | | | | | |
|---|---|---|---|---|---|---|---|---|---|
| **States** | **Clashes between SAC and PDF/EAOs** | **Air Strike** | **SAC's soldiers killed** | **PDF killed** | **Children killed** | **Civilians killed** | **Civilians arrested** | **Villages set on fire** | **Houses burned down** |
| **AYEYARWADY** | | | | | | | 50 | | |
| **BAGO** | 21 | 1 | 120 | | | 12 | 6 | | 296 |
| **CHIN** | 5 | 9 | 10 | | 1 | 2 | | | 6 |
| **KACHIN** | 10 | 6 | 320 | | | 1 | | | |
| **KARENNI** | 1 | | 6 | | | | | | |
| **KAYIN** | 1 | | 9 | | 1 | | | | |
| **MAGWAY** | 30 | 27 | 158 | 4 | | 9 | 54 | | 44 |
| **MANDALAY** | 46 | 26 | 164 | 3 | 2 | 32 | 261 | | 25 |
| **MON** | 11 | 1 | 32 | 1 | | 10 | 2 | | |
| **RAKHINE** | 19 | 9 | | | | 26 | 54 | | |
| **SAGAING** | 51 | 44 | 133 | 6 | 2 | 30 | 10 | 7 | 172 |
| **SHAN (North)** | 38 | 80 | | | | 29 | | | 2 |
| **SHAN (South)** | 4 | | 43 | | | 3 | | | |
| **TANINTHARYI** | 24 | 6 | 89 | | 1 | 3 | 5 | | 6 |
| **YANGON** | | | | | | | 23 | | |
| **TOTAL** | **261** | **209** | **1084** | **14** | **7** | **157** | **465** | **7** | **551** |

**ကိုးကား - The Irrawaddy, RFA, Ayeyarwaddy Times, D Day News, Myanmar Pressphoto Agency,**

**Khit Thit Media, Narinjara, Mizzima, Myanmar Now, DVB, BBC, PVTV,**

**Than Lwin Times, Khonumthung Burmese.**


Map of Myanmar Conflict ( August 2024 Total )
N
NW
NE
W
E
SW
SE
S
INDIA
CHINA
BANGLADESH
LAOS
THAILAND
Bay of Bengal
Andaman Sea
Myitkyina
Lashio
Hakha
Sagaing
Mandalay
Kengtung
Taunggyi
Sittwe
Magway
Nay Pyi Taw
Loikaw
Pyay
Bago
Pathein
Yangon
Hpa-An
Mawlamyine
Dawei